# ပြည်ပတွင် မွေးဖွားသော ကလေးများအတွက် သာမန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားခြင်း

ပြည်ပတွင်နေထိုင်သော သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသား မိဘနှစ်ပါး( သို့မဟုတ်) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား မိဘနှစ်ပါးတို့မှ မွေးဖွားသော ကလေးများအနေဖြင့် သာမန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားနိုင်ပါသည်။

(က) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာ နိုင်ငံသား မိဘနှစ်ပါးမှ ကလေးအတွက် သာမန်မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားပါက လိုအပ်သောစာရွက်စာတမ်းများ-

(၁) ကိုယ်ရေးလျှောက်လွှာ (သံအမတ်ကြီးထံ လိပ်မူ၍ ကလေးအတွက် သာမန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရန် မိဘနှစ်ပါးမှ သဘောတူကြောင်း လက်မှတ်ရေးထိုး၍ လျှောက်ထားသည့် လျှောက်လွှာ)
(၂) မိဘနှစ်ပါး၏ ကိုယ်ရေးရာဇဝင် (CV Forms) (လျှောက်လွှာတွင် အချက်အလက်များအားလုံးပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားသူလက်မှတ် ထိုးရန် လျှောက်ထားရန် လိုအပ်ပါသည်။)
(၃) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ
(၄) မိဘနှစ်ပါး၏ သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် (မိတ္တူ) ၁ စုံ (မြန်မာနိုင်ငံကူးလက်မှတ်၏ဓာတ်ပုံနှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာ အပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)
(၅) မြန်မာနိုင်ငံသား စိစစ်ရေး ကဒ်ပြား (မိတ္တူ)
(၆) သန်းခေါင်းစာရင်း (မိတ္တူ)
(၇) သက်ဆိုင်ရာနိုင်ငံသို့ တရားဝင် ဝင်ရောက်လာသူဖြစ်ကြောင်း ရယူခဲ့သည့် ဗီဇာ (မိတ္တူ)/ တရားဝင် နေထိုင်ခွင့်ကဒ် (မိတ္တူ)
(၈) လက်ထပ်စာချုပ် (မိတ္တူ)/ သက်ဆိုင်ရာနိုင်ငံတွင် လက်ထပ်ထားပါက သက်ဆိုင်ရာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လက်ထပ်စာချုပ် (မိတ္တူ)နှင့် နိုတြီ(မိတ္တူ)
(၉) ကလေးအတွက် ဆေးရုံမှ ထုတ်ပေးသော မွေးစာရင်း (မိတ္တူ)၊ သက်ဆိုင်ရာမြို့နယ်ရုံးမှ ထုတ်ပေးထားသော မွေးစာရင်း (မိတ္တူ)နှင့် မွေးစာရင်း နိုတြီ(မိတ္တူ)

(ခ) သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား မိဘနှစ်ပါးတို့မှ မွေးဖွားသောကလေးအတွက် သာမန် မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားပါက လိုအပ်သော စာရွက်စာတမ်းများ-

(၁) ကိုယ်ရေးလျှောက်လွှာ (သံအမတ်ကြီးထံ လိပ်မူ၍ ကလေးအတွက် သာမန် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရန် မိဘနှစ်ပါးမှ သဘောတူကြောင်း လက်မှတ်ရေးထိုး၍ လျှောက်ထားသည့် လျှောက်လွှာ)
(၂) မိဘနှစ်ပါး၏ ကိုယ်ရေးရာဇဝင် (CV Forms) (လျှောက်လွှာတွင် အချက်အလက်များအားလုံးပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားသူလက်မှတ် ထိုးရန် လျှောက်ထားရန် လိုအပ်ပါသည်။)

(၃) ၆ လအတွင်း ရိုက်ကူးထားသော ပါတ်စပို့ဆိုဒ် ရောင်စုံ ဓာတ်ပုံ (၃) ပုံ

(၄) မိဘနှစ်ပါး၏ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် (မိတ္တူ) ၁ စုံ (နိုင်ငံကူးလက်မှတ်၏ ဓာတ်ပုံနှင့် အချက်အလက်များပါရှိသော ရှေ့စာမျက်နှာ အပါအဝင် အသုံးပြုပြီးသော စာမျက်နှာအားလုံး)

(၅) မြန်မာနိုင်ငံသား မိဘ၏ စိစစ်ရေး ကဒ်ပြား (မိတ္တူ)

(၆) မြန်မာနိုင်ငံသား မိဘ၏ သန်းခေါင်းစာရင်း (မိတ္တူ)

(၇) သက်ဆိုင်ရာနိုင်ငံသို့ တရားဝင် ဝင်ရောက်လာသူဖြစ်ကြောင်း ရယူခဲ့သည့် ဗီဇာ (မိတ္တူ)/ တရားဝင် နေထိုင်ခွင့်ကဒ် (မိတ္တူ)

(၈) လက်ထပ်စာချုပ် (မိတ္တူ)/ သက်ဆိုင်ရာနိုင်ငံတွင် လက်ထပ်ထားပါက သက်ဆိုင်ရနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လက်ထပ်စာချုပ် (မိတ္တူ)နှင့် နိုတြီ(မိတ္တူ)

(၉) ကလေးအတွက် ဆေးရုံမှ ထုတ်ပေးသော မွေးစာရင်း (မိတ္တူ)၊ သက်ဆိုင်ရာမြို့နယ်ရုံးမှ ထုတ်ပေးထားသော မွေးစားရင်း (မိတ္တူ)နှင့် မွေးစားရင်း နိုတြီ(မိတ္တူ)